# စပ်ပန်းချီမိတ်ဆက်

ဆင်ဖြူကျွန်းအောင်သိန်း



စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်
Acc: No
SARPAY BEIKMAN PUBLIC LIBRARY.

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်
Acc: No ........
SARPAY BEIKMAN PUBLIC LIBRARY.

Acc: No

# စပ်ပန်းချီမိတ်ဆက်

ဆင်ဖြူကျွန်း အောင်သိန်း

အဖုံးနှင့်အတွင်းပန်းချီ ဩဘာနွယ်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပထမအကြိမ် ၁၉၈၂ အုပ်ရေ ၂၀၀၀

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့ ထုတ်ဝေရေးနှင့်ဖြန့်ချိရေးဌာနမှူး ဒေါ်ထွန်းကြည်က
(မှတ်ပုံတင်အမှတ် ၀၂၁၀၃) ဖြင့် စာပေဗိမာန် ပုံနှိပ်တိုက်တွင်
ပုံနှိပ်၍ (မှတ်ပုံတင်အမှတ် ၀၁၀၂၅) ဖြင့် ထုတ်ဝေသည်။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | ပန်းချီ ဦးတုန်းလွင်၏ အမှာ ... ... ... | ၁ |
| | ကာတွန်း ဦးဘဝေး၏ အမှာ ... ... ... | ၁၀ |
| | နိဒါန်း ... ... ... | ၁၅ |
| ၁။ | စပ်ပန်းချီအစ စပ်ပညာက ... ... ... | ၂၇ |
| ၂။ | ရှေးဟိုးမြန်မာပန်းချီ ... ... ... | ၂၉ |
| ၃။ | စပ်ပန်းချီသုံး အခေါ်အဝေါ်များ ... ... ... | ၃၁ |
| ၄။ | အသုံးပြုသောဆေးများ ... ... ... | ၁၂၀ |
| ၅။ | နိဂုံး ... ... ... | ၁၂၆ |
| | ကျမ်းကိုးစာရင်း ... ... ... | ၁၂၇ |


Acc: No

# ပန်းချီ ဦးအုန်းလွင်၏ အမှာ

ဆင်ဖြူကျွန်း အောင်သိန်း၏ "စပ်ပန်းချီမိတ်ဆက်" စာမူသည် ကျွန်တော့်ရှေ့၌ ရောက်ရှိနေပါသည်။ စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းကိုယ်တိုင် လာရောက်ပြီး "သက်ရှင် ပန်းချီဆရာဆို၍ ဆရာ့ကိုသာ အမှတ်ရသဖြင့် ဤစာအုပ် အမှာစာကလေး ရေးပေးပါ" ဟု လာရောက်ပေးသွားခြင်း ဖြစ်လေသည်။

ဤတွင် ဤစပ်ပန်းချီနှင့်ကျွန်တော် အဘယ်မျှ ရင်းနှီးမှု ရှိသည်ကို ပြန်လည်စဉ်းစား ဆင်ခြင်ကြည့်မိလေသည်။

"ကလေးသော့" ဟုခေါ်သော ရွာကြီးသည် မော်လမြိုင် နှင့် သံဖြူဇရပ်အကြားတွင်ရှိသည့် မွန်ရွာကြီးတရွာ ဖြစ်၏။ ရွာကို လေးပုံတပုံခန့် ပတ်ထားသော ကွင်းကြီးတွင်ကား ကြိတ်ကြိတ်တိုးမျှ စည်ကားလှသော လူစုလူဝေး ကြီး နှင့် မိုးထိအောင် ထောင်နေကြသည့် ပြာသာဒ်ဆောင်ရုံများ၊ မဏ္ဍပ်များအပြင် တီးမှုတ်နေကြသည့် ဆိုင်းသံ၊ ဗုံသံများသည်လည်း ပွက်လောညံလျက် ရှိချေသည်။ တောင်သူလယ်သမားတို့၏ လေ့ထုံးစံအတိုင်း နွေကာလ ပေါးပေါ ချိန်တွင်မှသာ ရှိရမြဲ ငွေကြေးများ ပုံအောရ်၍ ကျင်းပလေ့ရှိသည့် ဘုန်းကြီးပျံ ပွဲတော်ကြီးပေတည်း။ ဇာ နှစ်ဖက်သုံးဖက်စာမျှရှိ သစ်ပင်လုံး ကြီးကို အတိုင်းလိုက်ဖြတ်၍ လှည်းဘီးကဲ့သို့ တပ်ဆင်ထား သော လောင်တိုက် တလားကြီးတခုမှာ တောင်မှမြောက်သို့ လည်းကောင်း၊ အရှေ့မှ အနောက်သို့လည်းကောင်း ညာသံ

ပေ၍ အော်ဟစ်နေကြသည့် လူအုပ်ကြီးအကြားတွင် ရွှေလျား လိမ့်ပါ၍နေလေသည်။ ဗိန်းမောင်းဆော်နေသည့် ဆိုင်းသံများကြားမှ လောင်တိုက်ခင်ရှိနှင့် သစ်သားဘီးကြီးများမှ ပွတ်တိုက်ထွက်ပေါ်လာသည့် ဘီးအီသံကြီးမှာလည်း ဆင်တစ်သံကြီးအလား နားအူဆူကြီး ဖြစ်ပေသည်။ တွန်းတိုး ရွှေလျားနေကြသော လူအုပ်ကြီးများအကြားတွင် ပေါ် လိုက် မျောလိုက် ထဲလိုက် ပြူလိုက်နှင့် လင်းတစွန်ရဲအုပ်ကြီးအတွင်း အနိုင်နိုင် ပျံသန်းနေသော စာကလေးငယ်ကဲ့သို့ လေးနှစ်အရွယ်ရှိ သင်တိုင်းရှည်နှင့် ကလေးငယ်တစ်ယောက်မှာ မိမိနှင့်အတူမိ ဝေး၍ဝေး၍ သွားနေသော လောင်တိုက်ကြီးဆီသို့ လေမျှော်ယင်း မမောနိုင် မပန်းနိုင် ပြေး၍နေလေသည်။ လောင်တိုက်ကြီး၏ အေးပတ်သည်တွင် ရေးခြယ်ထားသော မြင်းသုခင်ရုပ်၊ နတ်ရုပ်၊ မင်းသမီးရုပ်၊ မင်းသားရုပ်၊ ပုဏ္ဏားရုပ်များသည်လည်း မိမိနှင့် တစ်ပြည်းပြည်း ဝေး၍ဝေး၍သွားရာ ကလေးငယ်မှာ မျှော်လင့်ခြင်း ကင်းလေပြီဟု စိတ် ပျက်အားငယ်စွာ အငိုးရှုံလိုက်သည့် အချိန်တွင် "ကျွိ" ကနဲ အသံကြီးမြည်ဟည်းပြီး လောင်တိုက်ကြီး ရပ်တန့်သွားခိုက် လူအုပ်ကြီးမှာလည်း လောင်တိုက်ကြီးဆီသို့ အပြေးအလွှား စုပြုံသွားကြပြင်း "ကလေးတစ်ယောက် ကြိတ်သွားလို့" ဟူသော အသံများ ဆူညံထွက်ပေါ်လာလေသည်။ ကလေးငယ်၏ အမိမှာမူ မည်သို့မျှ ထူးခြားသည်ဟု မယူမှတ်ဘဲ ရှုံးယှက်ခတ်နေသည့် လူအုပ်ကြီးထဲသို့သာ ဝေး၍နေလေသည်။ ထိုအခိုက် "မောင်ဘိမှာ မောင်ဘိမှာ" ဟု အော်ဟစ်ပြီး ပြေးလာကြသော လူတစ်ယောက် နှစ်ယောက်သည် ကလေးငယ်အား ချီပိုးကာ တစ်ဆောင်သော မဏ္ဍပ်ဆီသို့ ပြေးသွားကြလေတော့၏။



အဖြစ်ကား ဤသို့တည်း။

ဤဘုန်းကြီးပျံပွဲကျင်းပရာ ကလေ့သေဘ္ဘာနှင့် လေးမိုင်လောက်အကွာရှိ တံခွန်တိုင်ရွာမှ ရွာသူ ရွာသားများလည်း ထိုဘုန်းကြီးပျံပွဲတွင် မဏ္ဍပ်တစ်ဆောင်ထိုး၍ ဧည့်ခံရာ မိသားစုတစုမှ ကလေးငယ်သည် အမှတ်မထင် မဏ္ဍပ်မှ ပျောက်သွား၏။ ထောင်သောင်းမကသော လူအုပ်ကြားတွင် ကလေးတစ်ယောက်ကို ရှာဖွေရေးမှာ ကောက်ရိုးပုံထဲကျသော အပ်ကိုရှာရသည်က တွေ့နိုင်ရော ရှိသေးသကဲ့သို့ပင် ဖြစ်ရာ ကလေး၏ မိခင်မှာ မယ်ပဒါမြလေးတမျှပင်။ ထိုအချိန်တွင် ကလေးတစ်ယောက် လောင်တိုက်ကြိတ်လို့ဟူသော သတင်းဆိုးကြောင့် မိခင်မှာ မူးမေ့၍ပင်သွားရှာ၏။ မရှေးမနှောင်းအချိန်တွင် ကလေးကို ပြန်တွေ့လာသောအခါ မိခင်သည် ကလေးကိုဖက်၍ ငိုတော့၏။ ကလေးမှာမူ မိမိနှင့်ဝေးသွားရသော လောင်တိုက်ဆီသို့သာ လည်ပြန်၍ မျှော်ကြည့်နေသေးသည်။ ထေးမှ ဆွေမျိုးများ၊ မောင်နှမများ အချို့ကရယ်ကြသည်။ အချို့က ကလေးအား ခြောက်လှန့်ကြိမ်းမောင်းယင်း ဤတပွဲပြီးလေသတည်း။

ပျောက်သွားသော ကလေးငယ်ကား ဤအမှာစာရေးသူ ကျွန်တော်ပင်ဖြစ်ပြီး ဤ အ ဖြစ် အ ပျက် မှာ လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ခန့်က ဖြစ်လေသည်။ ဤသို့ဆိုလျှင် စံပန်းချိုနှင့် ကျွန်တော်သည် လွန်ခဲ့သည့် နှစ်ပေါင်းခြောက်ဆယ် ခန့် က ပင် ၍ ရင်းနှီးခဲ့သည်ဟုဆိုက ဆိုနိုင်မည်ဖြစ်သည်။ ကျွန်တော်ကဲ့သို့ လေးနှစ်သားအရွယ်ရှိ ကလေးတစ်ယောက်သည် မိမိ၏မိသားစု ရင်ခွင်ကိုစွန့်၍ မည်သည့် ဘေးအန္တရာယ်ကိုမျှ စိုးရွံ့ခြင်းမရှိဘဲ ကြိတ်ကြိတ်တိုး စည်ကားလှသည့် လူအုပ်ကြီးတွင်းသို့ တိုးဝင်ကာ လောင်တိုက်တလား

ကြီးဆီသို့ အနီးကပ် ကြည့်ရှု ထိကိုင်လိုစိတ်ဖြင့် ပြေးလွှား နေခြင်းသည်ပင်လျှင် မိခင်၏ရင်ခွင်ထက် စပ်ပန်းချီအဆောက် အအုံသည် ပို၍ ခံ့မင်မက်မော ဖွယ် ကောင်းသည်ဟူသော ထင်မြင်ချက်လမ်းမှကြောင့်ပင် ဖြစ်ပေမည်။

ကျွန်တော့်အရင် ပန်းချီပညာဖြင့် ထွန်းပေါက်ကျော် ကြားခဲ့ကြသော ပညာရှင်ကြီးများသည် ဤစပ်ပန်းချီခေါ် သော မြန်မာ့ရှေးရိုး အနုပညာမုခ်ဦးသို့ ခိုင်ဖြတ်သန်းပြီး မှသာ လိုရာအရပ်သို့ ပန်းချီခရီးသည်အဖြစ် အရောက်လှမ်းခဲ့ ကြသည်ချည်း ဖြစ်သည်ဟု ကျွန်တော်သိမှတ်ခဲ့ရဖူးပေသည်။

ကျွန်တော် ယခု ပန်းချီပညာဖြင့် အသက်မွေးနေသူ တယောက် ဖြစ်လင့်ကစား ဆရာ့ဆရာများကဲ့သို့ စပ်ပန်းချီ မုခ်ဦးဆောက်မှ ကျို ဝင်ဖြတ် သန်း လာခဲ့ခြင်း မဟုတ်ပဲ ကျွန်တော့်နည်း ကျွန်တော့်ဟန်ဖြင့် ဖြတ်လမ်းမှ ကျော်ဖြတ် ခုန်လွှားရောက်ရှိလာသော ပန်းချီပညာရှင်တယောက် ဖြစ် နေခဲ့ရာမှ ယခု ဆင်ခြေကျွန်း အောင်သိန်း၏ "စပ်ပန်းချီ မိတ်ဆက်" စာမူကို ဖတ်ရှုမိသောအခါ ကျွန်တော့်အား ပန်းချီ ပညာရှင်တယောက်အဖြစ် ပို့ဆောင်ခဲ့သော မိခင်ရင်ခွင်ထက် မက်မောစေခဲ့သော ရှေးမြန်မာလူမျိုးတို့ ပေါ်ဦးစကပင် ရှင် သန်နေခဲ့သော ကျွန်တော့်အတွင်း ကျွန်တော် ရှောင်ကွင်း ချန်လှပ်ခဲ့သော စပ်ပန်းချီသည် ကျဉ်းမြောင်းသေးသိမ်သော ပညာမဟုတ်ကြောင်း သိရှိရပေတော့သည်။

ဤစာစောင်ကို ပြုစုသူ ဆင်ခြေကျွန်း အောင်သိန်းသည် ပန်းချီဆရာတယောက် မဟုတ်ပေ။ ဘာသာရပ်ဆော် စာရေး ဆရာတယောက်သာဖြစ်သည်။ အမှတ်မထင်ကြုံဆုံမိသော ဖြစ် ရပ်တခုကြောင့် ဤစာအုပ်ကို ရှာဖွေပြုစု ရေးသားဖြစ်သွား



သည်ဟု ဆိုသည်။ ဤသည်ကိုပင် ဤပညာနှင့် သက်ဆိုင်သူ များ၊ ဗဟုသုတလိုလားသူများ၊ ပန်းချီပညာရှင်များက စာပေ ပြုစုသူအား ကျေးဇူးတင်ရပေသည်။ သူသည် ဤစာအုပ်ဖြစ် မြောက်ရေးအတွက် အခြားအခြားသော သက်ဆိုင်ရာနီးစပ်ရာ၊ လက်လှမ်းမီရာ စာအုပ် စာတမ်းများကိုလည်း မှီငြမ်းပြုရ ကြောင်း၊ ကိုးကားရကြောင်းများကို အတိအကျ ဖော်ပြထား ပေသည်။

စပ်ပန်းချီအစ မည်သို့ဖြစ်ပေါ်လာပုံ၊ အဘယ်ကြောင့် စပ် ပန်းချီဟုခေါ်ပုံမှစ၍ အဘယ်နေရာ အခမ်းအနားများတွင် အသုံးချပုံများ၊ မင်္ဂလာ၊ ဒုမင်္ဂလာကိစ္စများတွင် အသုံးချရာတွင် ဘုန်းကြီးပျံ၊ မယ်တော်ပျံများတွင် အကျယ်တဝင့်ခမ်းခမ်းနား နား ကျင်းပပုံများကို အသေးစိတ်တင်ပြထားသည်။ ယင်းသို့ ကျင်းပရာတွင် အသုံးပြုရန် ဆောက်လုပ်ရသော အဆောက် အအုံများတွင် ပါဝင်သည့် လောင်တိုက်၊ တလား ကြီးငယ်၊ ပြာသာဒ်၊ မဏ္ဍပ် စသည်များ။ ၎င်းတို့တွင် တည်ဆောက်မှုမြောက်ရန် အစိတ်အပိုင်းများ၏ အခေါ်အဝေါ် အသုံးအ ဆောင်များ၊ ၎င်းတို့ကို မည်သည့်ပစ္စည်းများဖြင့် ပြုလုပ်ရသည် စသည်ဖြင့် အသေးစိတ်ဖော်ပြထားသည်။ ဥပမာအားဖြင့် ဆင်ပါသော ဘုန်းကြီးပျံ တလားလောင်တိုက်များ တည် ဆောက်ရာတွင် ဆင်ရုပ်ချိုးရန် အချိုးအစား အတိုင်းအတာ နှင့် ၎င်းအပေါ်တင်မည့် ပြာသာဒ်တလားများ၊ အနိမ့်အမြင့် အတိုင်းအထွာ အချိုးအစားများနှင့် အသုံးပြုရမည့် သစ်ဝါး အမျိုးအစားများ၊ ငါးတောင်ဆင်၊ ခုနစ်တောင်ဆင်၊ ကိုး တောင်ဆင်စသည်တို့တွင် သုံးစွဲရန် ဝါးအကြီးအသေး အရှည် အတို အတိုင်းအထွာနှင့်တကွ ၎င်းတို့ကို ချည်တုပ်ရန် နှီးရှည်

ထိုအချောင်းရေဝါးရှည်တို့ အချောင်းရေမှုံ၍ မိုင်းကိုင်စက္ကူ၊ သားရေစက္ကူ၊ ဘိလပ်မြေထုပ်စက္ကူနှင့် ကပ်ရန်ကော် အ လေးချိန်မည်မျှ၊ အကြမ်းထည်ပြီး၍အလှအန ပုံဖော်ရန်စက္ကူ ရောင်စုံ၊ ရွှေရောင်ငွေရောင် စက္ကူများ၊ ရေးခြယ်ရန်ဆေးရောင် စုံများ၊ ဇီးမြဆေး ဆီးဆေး ရေနံ့ရှိမြန်မာဆေး အမျိုးအစား များအပြင် ဆင်ရုပ်များ၊ပြသာဒ်များ ပြီးစီးသွားသောအချိန် တွင် အလှူ့ရှင်ထံမှ စပ်ဆရာက အခကြေးငွေ ရယူရေးတွင် ဆင်တကောင်လုံး၏ထုပ်တွင် စပ်ဆရာနှင့်တပည့်များ အချိုး ကျခွဲဝေယူကြပုံများကိုပါ အသေးစိတ် ဖော်ပြထားလေသည်။

စာပြုသူသည် ယခုတိုင် ထင်ရှားသက်ရှိ ရပ်ရွာ စပ်ဆရာ ဦးထံ ချဉ်းကပ်လေ့လာပြီး စေ့စေ့စုံစုံမေးမြန်းပြီး ရုစည်းတင်ပြ ခြင်းဖြစ်ရာ၍ဤစာအုပ်ကို ရှေ့တွင်ချ၍ ဆင်တကောင်၊ပြသာဒ် တဆောင်၊ မဏ္ဍပ်တလုံး ကောက်ကာငင်ကာ အချိုးကျတည် ဆောက်လျှင် အလွယ်တကူ ပြီးမြောက်နိုင်မည် ဖြစ်ပေသည်။

စပ်ပန်းချီ ပညာသည် စီးပွားရေး ကိစ္စအတွက်လည်း မပါ မဖြစ်သော ပညာဖြစ်၏။ ဥပမာ ကုန်ပစ္စည်း ကြော်ငြာများ၊ ဓာတ်သဘင်များ၊ ရုပ်ရှင်များတွင်လည်း ဆက်ဆိုင်ရာ အခမ်း အနားများတွင် သုံးစွဲလျက်ပင် ရှိချေသည်။ နိုင်ငံရပ်ခြား တိုင်းတပါးများမှ ရုပ်ရှင် လုပ်ငန်းများတွင် စပ်ပညာသည် အဓိက အခန်းကဏ္ဍမှ ပါဝင်နေပေသည်။ ဥပမာ ဓာတ်ထမ်း ဓာတ်ထုပ်များအလိုက် ရှေးနန်းတော် အဆောက်အအုံကြီး များ၊ ရထိုက်ကြီးများ၊ တံတားကြီးများ၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံကြီးများ၏ သစ်တသင်းများသည် ရုပ်ရှင်ရိုက် ကူးရာ တွေ့မြင်တွင်းမှာ စပ်ပညာဖြင့် ဖန်တီးတည်ဆောက် ပြီး ရိုက်ကူးထုတ်လုပ်လျက်ရှိရာ ငွေကြေးသန်းချီ၍ မြတ်စွန်း



နေကြလေသည်။ မြန်မာနိုင်ငံတွင် စပ်ပညာသည် ရှေးအခါ ကကဲ့သို့ မြိုင်မြိုင်ဆိုင်ဆိုင် မသုံးစွဲနိုင်ကြတော့သော်လည်း လုံးဝ ပျောက်ကွယ်သွားသည်ကား မဟုတ်ပေ။ ဤစာအုပ်တနေရာ တွင် လောင်တိုက် ပတ်လည် ပန်းချီကားများ ရေးခြယ်ထား ပုံမှာ ထွန်းလက်မောင်းသမား အမောင်းကြမ်းပြီး လမ်းဘေး ထန်းပင် ဝင်တိုက်ရာ ထန်းပင်ပေါ်မှ မြွေအိုးပြုတ်ပြီး ထွန်းလက် မောင်းသူ၏ခေါင်းပေါ်သို့ တည့်တည့်ကျလာ ထိမှန်ပုံကို ရေး ခဲ့ထားသဖြင့် ကြည့်ရှုသူများ ရွှင်မြူးရယ်မောကြရကြောင်း ပါရှိရာ မကြာသေးသော အချိန်ကာလမှာပင် စပ်ပန်းချီကိုသုံး စွဲလျက်ရှိကြသေးကြောင်း ပေါ်လွင်နေပေသည်။

ရှေးအခါကကဲ့သို့ ဖောဖောသီသီ မြိုင်မြိုင်ဆိုင်ဆိုင် မသုံးစွဲ နိုင်ကြသည်မှာလည်း အကြောင်းရှိပေသည်။ စပ်ပညာဖြင့် ဆင်တကောင်၊ မဏ္ဍပ်တဆောင် ဆောက်လုပ်ရာတွင် ဆောက် အခြေခံဖြစ်သည့် သစ်ဝါးတို့သာလျှင် ပြည်တွင်းတွင် ရနိုင်ပြီး ကျန် အလှခြယ် အချောကိုင်ရန် ပစ္စည်းများမှာ နိုင်ငံခြားမှ တင်သွင်းရသည်ချည်းဖြစ်ရာ ပစ္စည်းရရှိမှု အခက်အခဲအမျိုးမျိုး ကြောင့် ဤစပ်ပန်းချီပညာကို တင်းပြည့် ကျပ်ပြည့် ဖောသီ မြိုင်ဆိုင်စွာ ပြုလုပ်သုံးစွဲနိုင်ကြမည် မဟုတ်ပေ။

"ဤ စပ်ပန်းချီမိတ်ဆက်" စာအုပ်အတွက် ကျွန်တော့်အား အမှာစာရေးရန် ပေးလာသည်ကား မှန်၏။ ကျွန်တော်သည် လေးနှစ်သားအရွယ်ကပင် ဤစပ်ပန်းချီ ဘုန်းကြီးပျံပန်းချီကို တွေ့မြင်ခဲ့လမ်းပြီး ပန်းချီဆရာတယောက် ဖြစ်လိုစိတ် ပေါ် ပေါက်ခဲ့၏။ ပန်းချီပညာဖြင့် အသက်မွေးသော လူတယောက် လည်း ဖြစ်ခဲ့ပါ၏။ သို့ရာတွင် ဤစပ်ပန်းချီပညာကို ကျွန်တော် ကြေညက်စွာ မသိခဲ့ပါ။ ယခု ဤစာမူကို မနေသာ၍ ဖတ်ရ

သောအခါမှသာကျွန်တော်မသိခဲ့မကြေညက်ခဲ့သော စယ်ပညာကို အတော်အတန် သိခွင့်ရခဲ့ပေသည်။

ယခု အချိန်တွင် အကြောင်းကြောင်းကြောင့်သော်လည်းကောင်း၊ ပြင်းထန်သော ခေတ်ရေစီးကြောင်း၏ တွန်းထိုးလှုပ်ရှားမှုတို့ကို မခံနိုင်၍သော်လည်းကောင်း ပျောက်ကွယ်မှေးမှိန်လုနီးပါးဖြစ်နေသော ကျွန်တော်တို့မြန်မာလူမျိုးများ၏ ရှေးဦး အနုပညာလည်းဖြစ်၊ ဖွားဘက်တော် အနုပညာလည်း ဖြစ်သော ဤစယ်ပန်းချီပညာကို ပြန်လည် ပေါ်ထွန်းနိုင်ရေး အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းကြရန်မှာ မြန်မာ တိုင်း၏ တာဝန်ပင် ဖြစ်ပေတော့သည်။

ဤစာအုပ်ပြုစုသူက ဤစာအုပ်ပေါ်ပါ စယ်ပန်းချီပညာရပ် များသည် ပြည့်စုံသောအဆင့်သို့ ရောက်နိုင်ဦးမည် မဟုတ် သေးကြောင်း အခြားသော၊ တတ်သိနားလည်သော ပညာရှင် များက ထပ်မံလေ့လာပြုစုကြရန် ပန်ကြားထားသည့်အတိုင်း ဝိုင်းဝန်းပြုစုကြမည့် ပညာရှင်များ ပေါ်ပေါက်စေရန်လည်း ကျွန်တော် ဆုတောင်းလိုက်ပါကြောင်း။

အုန်းလွင်
ပန်းချီ

၃၁-၇-၈၀

## ပန်း ၁၀ မျိုး

စီကုံ့ "ပန်းရန်"၊ ကောင်းမွန်ပြေပြစ်၊
ထုကဲတတတ်၊ မည်မှတ် "ပန်းတော့"၊
"တမော့" ကား ကျောက်၊ လက်ပြောက်
ထုထင်လှန်း၊ ဤတသန့်ကား။
ထုဆန်းရုပ်ထူ၊ "ပန်းပု" ခေါ်မည်၊
ရေးသည် "ပန်းချီ"၊ လုံးညီဝံ့မှတ်၊
"ပန်းပွတ်" တပြား၊ "ပွတာ" လုပ်ငြား၊
ပန်းခတ်များကား၊ တခြားဝေဘန်၊
ဤတသန့်နှင့်၊ ထုချွန်းလုံးစား၊
သံနှင့်အားမြို၊ "ပန်းပဲ" တရေး၊
ကြေးမှာတတ်သည်၊ "ပန်းတဉ်း" မည်၏၊
ထုရည်လျှံထော့၊ ရွှေငွေကာ၊
တတ်သမျှစား၊ မည်ရသတော၊
"ပန်းထိမ်" ဟောသား ...

— ဝပ္ပရာသိပျို

# ကာတွန်း ဦးဘကွေး၏ အမှာ

ကာလယန္တရားသည် အစဉ်အမြဲ ရွေ့သို့ရွေ့လျားနေသည်။ ကာလယန္တရား ရွေ့လျားသည်နှင့်အမျှ အသစ်အသစ်များ ပေါ်ထွန်းလာသည်။ အတွေးအခေါ်သစ်များ၊ ပစ္စည်း အသုံး အဆောင်သစ်များ၊ စကားလုံးသစ်များ၊ အတတ်ပညာသစ်များ၊ အနုပညာသစ်များ စသည်တို့ဖြစ်သည်။

ယင်းသို့ အသစ်များ ပေါ်ထွန်းလာခြင်းကြောင့် အရာများ၌ အဟောင်းများ မှေးမှိန်လာကြသည်။ တိမ်မြုပ်လာကြသည်။ အချို့အဟောင်းများမှာ လုံးဝပင် ဆိတ်သုဉ်း ပျောက်ကွယ်ခဲ့ကြသည်။ မှေးမှိန်တိမ်မြုပ်လာသော အရာများတွင် အတတ်ပညာ၊ အနုပညာဖြစ်သော ယဉ်ကျေးမှုရေးရာများလည်း များစွာပါဝင်ခဲ့သည်။ သို့ရာတွင် ယဉ်ကျေးမှုသည် တိုင်းပြည်၏တန်ဖိုး၊ လူမျိုး၏ဂုဏ်ရည်ဖြစ်သည်ကို လက်ခံ ယုံကြည်ကြသည့်အလျောက် အတိုင်းတိုင်း အပြည်ပြည်တို့သည် မိမိတို့၏ တိမ်မြုပ် ပျောက်ကွယ်လျက်ရှိသော ရှေးဟောင်း ယဉ်ကျေးမှုများကို ရှာဖွေ ဖော်ထုတ်ကြသည်။ ယဉ်ကျေးမှုဆိုင်ရာများကို ဆိတ်သုဉ်းပျောက်ကွယ်ခြင်းမရှိစေရန် ထိန်းသိမ်း စောင့်ရှောက်ကြသည်။ မိမိတို့၏ ယဉ်ကျေးမှုအတွက် ဂုဏ်ယူဝင့်ကြွားကြသည်။

မြန်မာနိုင်ငံအနေနှင့်လည်း တိမ်မြုပ်လျက်ရှိသော မြန်မာ့ ရှေးဟောင်း ယဉ်ကျေးမှုများကို ရှာဖွေ ဖော်ထုတ်ခြင်း၊ မြန်မာ့ယဉ်ကျေးမှု ဆိုင်ရာများကို ထိန်းသိမ်း စောင့်ရှောက်



ခြင်းများကို ပြုလုပ်လျက်ရှိပြီး မြန်မာ့ ယဉ်ကျေးမှုအတွက် ဂုဏ်ယူဝင့်ကြွားနိုင်သော အခြေတွင်ရှိသည်။

ယဉ်ကျေးမှုရေးရာများ ပွင့်လန်းဝေဆာအောင် ကြိုးပမ်းရာတွင် နိုင်ငံတော်ပိုင်းနှင့် ပြည်သူလူထုအပိုင်းဟူ၍ နှစ်ပိုင်းရှိသည်ကို တွေ့ရသည်။ နိုင်ငံတော်ပိုင်းမှ ယဉ်ကျေးမှုဌာနသည် "ယဉ်ကျေးမှုအစစ် လူ့အနှစ်" ဟူသော ဆောင်ပုဒ်ကို ထားရှိကာ ဆောင်ရွက်လျက် ရှိသည်။ ပြည်သူ လူထုထဲမှ ယဉ်ကျေးမှုကို မြတ်နိုးဝါသနာထုံသော ပုဂ္ဂိုလ်များကလည်း မိမိတို့စွမ်းအားရှိသမျှ တိမ်မြုပ်နေသော၊ တိမ်မြုပ်လုသော ယဉ်ကျေးမှုဆိုင်ရာများကို ရှာဖွေဖော်ထုတ် တင်ပြတတ်ကြသည်။ ယင်းသို့ ဖော်ထုတ်တင်ပြသမျှပြုသော ပုဂ္ဂိုလ်များ၏ ကြိုးပမ်းမှုမှာလည်း ယဉ်ကျေးမှုသစ်ပင်ကြီး ရှင်သန်ကြီးထွားရေးအတွက် ရေတာထမ်းတပိုး သွန်းလောင်းပေးသည်နှင့်တူပေရာ ကျေးဇူးတင်ဖွယ် ဖြစ်သည်။

ယခု ဆင်ဖြူကျွန်းအောင်သိန်းက "စပ်ပန်းချီမိတ်ဆက်" ဟု အမည်ပေးထားသော မြန်မာ့ရှေးရိုး စပ်ပညာအကြောင်း စာတစောင်ပေတဖွဲ့ ရေးသားတင်ပြထားသည်။ စပ်ပညာမှာ ရှေးမြန်မာများအတွက် အသုံးကျခဲ့သလို ယခု မြန်မာများ အဖို့လည်း အသုံးဝင်လျက်ရှိခြင်းကြောင့် တိမ်မြုပ်ပျောက်ကွယ်နေသော ပညာတရပ်တော့ မဟုတ်ချေ။ သို့ရာတွင် အသုံးကျလာသော၊ ရှေးမှရှေးစနစ်မှ ကွဲလွဲတန်သ၍ ကွဲလွဲလာသော ပညာရပ်ဖြစ်သည်။

စပ်ပန်းချီပညာ အထွန်းကားဆုံးကာလမှာ အင်္ဂလိပ်ခေတ်ဦးမှ ဒုတိယကမ္ဘာစစ် ဖြစ်ချိန်အထိဟု ခန့်မှန်းရသည်။ သီပေါ မင်းပါတော်မူပြီးချိန်မှစ၍ ဘုန်းကြီးပျံပွဲတော်များ ကြီးကျယ်

ခမ်းနားစွာ ကျင်းပကြသည်ဟု မှတ်သားရသည်။ ဘုန်းကြီးပျံပွဲတော်များ အမြိုင်အဆိုင် ကျင်းပကြရာတွင် စပ်ပန်းချီ အရည်အသွေးများ တိုးတက်ခဲ့ပေသည်။ ထို့နောက် အလှူ မင်္ဂလာဆောင်မဏ္ဍပ်ကြီးများ ပေါ်ထွန်းလာရာ စပ်ပန်းချီ လက်ရာကောင်း လက်ရာညွန့်များ တိုးပွားခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီး နောက်ပိုင်းတွင် သရိုးပန်း၊ သံပန်း၊ သစ်သားပန်း စသော စပ်ပန်းချီနည်းသစ် ဟန်သစ်များ စက္ကူ ပေါ်တွင်သာ ဆေးရောင်ခြယ်သော ရေးဆိုးရနည်းမှာ အားနည်းသွားသည်။ စပ်ပန်းချီအသုံးလည်း ပါးလာသည်။ စပ်ပန်းချီအသုံးပါးလာခြင်းမှာ စစ်ပြီးနောက်ပိုင်းတွင် ကြီးကျယ်စွာ ကျင်းပပြုလုပ်သော ဘုန်းကြီးပျံပွဲတော်များ နည်းလာခြင်း၊ မင်္ဂလာဆောင်များကို ခန်းမ၊ ဟိုတယ်များ၌ ပြုလုပ်လာခြင်း၊ အလှူများကို ဘုန်းတော်ကြီး ကျောင်းများ၌ ကျင်းပလာခြင်း စသည်များကြောင့်ဟု ဆိုရမည်။ ဒုမင်္ဂလကိစ္စများတွင်လည်း စပ်ထည်ဖြင့် ဆင်ယင်ထားသော ယာဉ်နေရာတွင် သစ်သားဖြင့် အပြီးပြုလုပ်ထားသော မော်တော်ယာဉ်များက ဝင်လာသည်။

ဆင်ဖြူကျွန်းအောင်သိန်း၏စေတနာမှာ မြန်မာ့ယဉ်ကျေးမှု နယ်ပယ်မှ စပ်ပန်းချီပညာ မပျောက်ကွယ်စေရန် ဖြစ်သည်။ ယင်းစေတနာမှ သူ၏ စပ်ပန်းချီ မိတ်ဆက် ပေါ်ထွက်လာခြင်းဖြစ်သည်။ စပ်ပန်းချီ မိတ်ဆက် ရှေ့ပိုင်း၌ ဆင်ဖြူကျွန်း အောင်သိန်းသည် အကိုးအကား အထောက်ထားများနှင့် စပ်ပန်းချီပညာ အကြောင်းကို ယေဘုယျ ဆွေးနွေးတင်ပြထားသည်။ နောက်ပိုင်းတွင်မူ သူ့ဇာတိ ဆင်ဖြူကျွန်းအရပ်မှ ဒေသ စပ်ပန်းချီအကြောင်းကို အလေးထား ရေးသားသည်။



“ဒေသစပ်ပန်းချီ”ဟု ရေးသားသုံးစွဲရသည်မှာ စပ်ပန်းချီပညာသည် ဒေသတခုနှင့်တခုတို့၌ အခေါ်အဝေါ်၊ အသုံးပြုပစ္စည်း၊ ပြုလုပ်ပုံစသည်များ အနည်းနှင့်အများ ကွဲလွဲတတ်သော ကြောင့်ဖြစ်ပါသည်။ ယင်းအပိုင်းတွင် ဘုန်းကြီးပျံသုံးဖြစ်သော တလား၊ လောင်တိုက်၊ စံကျောင်း၊ စင်ရှင်၊ ကြာကလပ်၊ နတ်လမ်းမဏ္ဍပ်၊ ပန်းရထား၊ ဆင်ရုပ် စသည်များကို ပြုလုပ်ပုံ ပြုလုပ်နည်းများနှင့်တကွ စုံစေ့စွာ အသေးစိတ်ရှင်းလင်း ဖော်ပြထားသည်။ သရုပ်ဖော်ပုံများလည်း ပါရှိသည်။

ဆင်ဖြူကျွန်း အောင်သိန်းသည် ကံကောင်းသူ ဖြစ်သည်။ အကြောင်းမှာ သူသည် သူ၏ဇာတိ ဆင်ဖြူကျွန်းမြို့အနီး ပုရပိုက်တန်းရွာနေ စပ်ပညာရှင်ကြီး ဦးစိန်မောင်ထံမှ စပ်ပညာဗဟုသုတများ တပွေ့တပိုက်ကြီး ရလိုက်သောကြောင့် ဖြစ်သည်။ တခါက အမှာစာရေးသူလည်း ကွယ်လွန်သူ ပန်းချီဆရာကြီးတဦးနှင့် ပတ်သက်သော အချက်ကလေးတချက်ကို သိလိုရာ ထိုပန်းချီဆရာကြီး၏ တပည့်နှင့် မိတ်ဆွေ ခုနစ်ယောက်၊ ရှစ်ယောက်ထံ လှည့်လည်မေးယူမှ သိလိုသော အကြောင်းကိုရသည်။ ဗိသုကာပညာရှင်တဦးကလည်း သူသိလိုသော ဗိသုကာစကားလုံးတလုံး၏ အဓိပ္ပာယ်ကို သုံးနှစ်တိုင် ရှာယူရကြောင်း ပြောဖူးသည်။

မည်သို့ဖြစ်စေ ဆင်ဖြူကျွန်း အောင်သိန်းသည် မြန်မာ့ တရပ်ဖြစ်သော စပ်ပန်းချီပညာ အကြောင်းကို မိတ်ဆက် အနေဖြင့် လေ့လာတင်ပြနိုင်ခဲ့ပြီ ဖြစ်၍ ဝမ်းသာ ကျေးဇူး တင်ရပေသည်။ ဆင်ဖြူကျွန်းအောင်သိန်းက သူ၏ စပ်ပန်းချီ မိတ်ဆက် နိဂုံးတွင် စပ်ပန်းချီ ပညာရှင်ကြီးများ သက်ရှိထင်

ရှားရှိစဉ် လယ်ပန်းချီအကြောင်း ကျမ်းကြီးအကျမ်း ဝိုင်းခန်း ပြုရကြရန် ပန်ကြားထားသည်။ ယင်း ပန်ကြားမှုအတိုင်း ဖြစ်ပေါ်လာပါက အတိုင်းထက်အလွန် ဝမ်းသာကျေးဇူးတင် ရှိသည် ဖြစ်ပါသည်။

ဘဆွေ

၂၁-၇-၈၀

# နိဒါန်း

## ခရီးသည်နှင့် စာတအုပ်

ထိုစာအုပ်ကိုသာ ကျွန်ုပ်မဟတ်မိလျှင် ထိုအတွေး၊ ထို စေတနာသည် ပေါ်လာလိမ့်မည်မဟုတ်ပေ။ ထိုအတွေး ပေါ် ပေါက်လာခြင်း၊ ထိုစေတနာ ဖြစ်ပေါ်လာခြင်းတို့မရှိလျှင် ဤ စာအုပ်ကိုလည်း ကျွန်ုပ် ရေးဖြစ်လိမ့်မည်မဟုတ်ချေ။

၁၉၇၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျွန်ုပ် သည် ချောက်မြို့ရှိ အရီးထံသို့ရောက်သွားရာ ကျွန်ုပ်၏ အိတ် ထဲ၌ စာအုပ်နှစ်အုပ် ပါလာ၏။ တအုပ်ကို အရီးကယူသွား လိုက်သောအခါ ချောက်နှင့် ဆင်ပြူကျွန်းသွား ပေဉ်တော် ပေါ်၌ ကျွန်ုပ်အတွက် ဖတ်ရှုရာစာအုပ်မှာ ထိုတအုပ်သာ ကျန်ရှိပေတော့သည်။

ထိုစာအုပ်ကား ပေမြို့ မိုးကြည်ပြုစုသော "သာသနာ ၂၅ – ၂၆ ရာစုခေတ် ရှင်မဟာဗုဒ္ဓဃောသ သို့မဟုတ် အရှင် ဇနကာဘိဝံသ" ဖြစ်ပေသည်။

ဆရာတော် အရှင်ဇနကာဘိဝံသသည် အမရပူရမြို့ မဟာ ဂန္ဓာရုံတိုက်ကို တည်ထောင်တော်မူ၍ သံဃာတော် အပါး ၅၀၀ ကျော် ၆၀၀ ခန့်ကို စနစ်တကျ အုပ်ချုပ်တော်မူသည်။ ဤကျောင်းတိုက်တွင် တိုက်တာ အဆောက်အအုံပေါင်း ၁၀၀ ကျော်မျှရှိရာ မည်သည့်နေရာတွင်မဆို သန့်ရှင်းအောင် စီမံ ထား၏။ မည်သည့် တိုက်တာနေရာသည် နေချင်စဖွယ်ရှိ၍

မည်သည့်နေရာတွင်မှ နေချင်စဖွယ်မရှိဟု တစုံတရာ ပြောဆို မရအောင် အညီအမျှ ကျောင်းတိုက်အဝန်းအဝိုင်းကြီး တခုလုံးကို စိတ်နှလုံးချမ်းမြေ့ဖွယ်ဖြစ်အောင် ဖန်တီးထားတော်မူကြ၏။

ရည်ကမ်းစနစ်ရှိ၍ နိုင်ငံခြားသားများ၏ အကြည့်ကို ခံနိုင်မည့်ကျောင်းတိုက်များကို ပြပါဆိုလျှင် မဟာဂန္ဓာရုံတိုက်သည် စိတ်ချလက်ချ ညွှန်ပြခံရမည့် တိုက်တတိုက်ဖြစ်ပေ၏။

မန္တလေးမြို့သို့ ရောက်ရှိလာသော နိုင်ငံခြားသားဧည့်သည်များတွင် ဗုဒ္ဓသာသနာတော်၌ စိတ်ဝင်စားသူများလည်း ပါရှိရာ ထိုသူများကို နိုင်ငံခြားဧည့်သည် လိုက်လံပို့ဆောင်သူများက မဟာဂန္ဓာရုံ ဆရာတော်ထံသို့သာ အပို့များကြသည်ကို တွေ့ရ၏။

ဆဋ္ဌသံဂါယနာ တင်ချိန်ကလည်း ထေရဝါဒ နိုင်ငံများမှ ဗုဒ္ဓဝါဒီတို့သည် တဖွဲ့ဖွဲ့ လာရောက်ခဲ့ကြ၏။ ထို့နောက်လည်း အဆက်မပြတ် လာရောက်လျက်ရှိ၏။ ရောက်လာသမျှ ပုဂ္ဂိုလ်တိုင်းလည်း ဤကျောင်းတိုက်နှင့်ဆရာတော်ကြီးကိုရာနှုန်းပြည့် ကျေနပ်လက်ခံ၍ ပြန်သွားကြသည်က များ၏။

လာရောက်ကြသူတို့တွင် ဗုဒ္ဓဘာသာ ဗုဒ္ဓအနွယ်ဝင်များ ချည်း မဟုတ်ကြချေ။ ဝင်ရောက်လေ့လာသင့်သော အရာဌာန အဖြစ် နိုးနိုးသားသား သဘောရ၍ ဝင်ရောက်လာကြခြင်း လည်း ရှိသည်။ ဘာသာနှင့် ဝါဒနှံ့ပင် မတူသော်လည်း ဆွေးနွေးမေးမြန်းလို၍ လာရောက်ကြခြင်းလည်း ရှိသည်။

ဘာသာဝါဒနှောမှု အတူတူပင်။ သို့သော် အယူအဆ ညှိနှိုင်းဆန်းစစ်လို၍ လာရောက်ကြခြင်းလည်း ရှိပေသည်။



ပုဂ္ဂိုလ်အမျိုးမျိုးသည် ဆန္ဒအထွေထွေဖြင့် လာရောက်ခဲ့ကြ၏။ သိပ္ပံပညာရှင်၊ အနုပညာရှင်၊ စာပေ သုတေသန ပညာရှင်၊ စာရေးဆရာ၊ ကျောင်းဆရာ၊ နိုင်ငံရေးသမားနှင့် နိုင်ငံရေးပညာ လေ့လာသူဟူ၍ အလွှာစုံမှ ပုဂ္ဂိုလ်များ လာရောက်ခဲ့ကြ၏။ မည်သည့်အလွှာမှ အဘယ်မည်သော ပုဂ္ဂိုလ်ပင်ဖြစ်စေ၊ဆရာတော်သည် လိုလိုလားလားလက်ခံတွေ့ဆုံတော်မူခဲ့သည်။ မျှမျှငှာငှာဖြင့် ဧည့်ဝတ်ကျေပွန်စွာ လက်ခံ၍ ဗုဒ္ဓ၏ ငြိမ်းချမ်းရေးတရားများကို မြွက်ကြားကာ ဗုဒ္ဓဝါဒ ရည်ပင်ပြန့်ပွားရေးအတွက် သာသနာပြုတော်မူသည်။

အချို့ကား အမြင်ချင်း ဖလှယ်လို၍လည်းကောင်း၊ အယူအဆ တင်ပြလို၍လည်းကောင်း၊ အတွေးအခေါ် အမြော်အမြင်ပိုင်း၌ စူးစမ်းလို၍လည်းကောင်း၊ ဘာသာဝါဒကိစ္စ၌ ဖြစ်ပေါ်တတ်သော အဖုအထစ်ခက်ဆစ်နှင့် ယုံမှားဖွယ် ဖြစ်သော သံသယ ဝေမတီကာကို ဆွေးနွေးလို၍လည်းကောင်း လာရောက်ကြ၏။

မည်သည့်အကြောင်းကြောင့် လာရောက်ကြသည်ဖြစ်စေ၊ ဆရာတော်ကား ဓိုင်ခံ၍ ခုံမင်းကြီးသဖွယ် ကျေနပ်ပြေလည်သည်အထိ ခြေခြင်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြတတ်၏။ ဤအခြေခံများကြောင့်လည်း မဟာဂန္ဓာရုံကျောင်းတိုက်ကြီးမှ အရှင်ဇနကာဘိဝံသထံသို့ ရှေးရှုဦးတည်ကြခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ဆရာတော်၏သတင်းသည် မြန်မာနိုင်ငံ၌သာမက နိုင်ငံခြားသို့တိုင် ကျော်စောထင်ရှားခဲ့ရခြင်း ဖြစ်သည်။ ကမ္ဘာ့ဗုဒ္ဓသာသနာလောကတွင် ဆရာတော်၏ ပညာဂုဏ်ရှိန်သည် တထိန်ထိန်လင်းခဲ့၏။

ကိုရီးယားမှ မဟာယာနဂိုဏ်း သာသနာပိုင်ဆရာတော်ကြီးသည် မြန်မာနိုင်ငံသို့ ကြွလာစဉ်ကလည်း ဆရာတော်ထံသို့ လာရောက်တွေ့ဆုံ ဆွေးနွေးခဲ့ဖူး၏။ ဆွေးနွေးသွားပြီးနောက် သူ အသက်ငယ်စဉ်ကသာ ဆရာတော်နှင့်တွေ့ခဲ့ရလျှင် ထေရဝါဒ ဂိုဏ်းဝင် ဖြစ်မည်ဟုပင် ဆရာတော် အရှင်ဇနကာဘိဝံသထံ ဝန်ခံလျှောက်ထားသွား၏။

ဆရာတော်ထံ ရောက်ရှိ ဆွေးနွေးပြီး နှစ်သက်ကျေနပ်စွာ ပြန်သွားကာ တသောက်မမေ့ရှိနေရသော နိုင်ငံခြားသား အများအပြား ရှိပေသည်။ ဆရာတော်ပြုစုခဲ့သော ကျမ်းပေါင်း ၅၀ ကျော်ကိုလည်း ပုံနှိပ်ထုတ်ဝေပြီး ဖြစ်သည်။

ထိုဆရာတော်သည် ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် နေ့တွင် သလုတ်ထံ စံလွန်တော်မူခဲ့ရာ ပြည်တွင်းသာမက ပြည်ပမှာပါ ဤမျှ ကျော်စောကိတ္တိကြီးမားသော ဆရာတော် တပါး၏ ဈာပနသဘင်သည် အုန်းအုန်းကြွကြွ စည်ကား ကြီးကျယ်ရာ အကြောင်းရှိ၏။

သို့ရာတွင် ဆရာတော် အရှင်ဇနကာဘိဝံသ၏ ဈာပန ပွဲတော်သည် သမားရိုးကျ ဘုန်းကြီးပျံ ပွဲတော်များကဲ့သို့ မဟုတ်ချေ၊ ပြာသာဒ်၊ တလား၊ လောင်တိုက်စသော ဘုန်း ကြီးပျံ အဆောင်အယောင်လည်း မပါ၊ ပွဲလည်းမရှိ၊ တီးမှုတ် သံလည်း မကြားရချေ။

အဆောင်အယောင်မကသော တပည့်ဒါယကာ ဒါယိ ကာမတို့၏ ပူဇော်ကန်တော့ပွဲကို ခုနစ်ရက်တိတိ ဆိတ်ငြိမ်စွာ ကျင်းပသည်။

နောက်ဆုံးနေ့တွင် တိတ်ဆိတ်ငြိမ်သက်၍ အေးချမ်းမှုကို လိုလားသော ဆရာတော်၏ မူလဆန္ဒတော်အရ တောင်သမန်



155587

အင်းစောင်းသို့ ပို့ဆောင်၍ အန္တိမဈာပနသဘင် ဆင်ယင် ပူဇော်ကြသည်။ နံ့သာတုံးမီးအလျှံဝယ် သည်းခံကာ ရုပ်ဓာတ် သိမ်း၍ ချုပ်ငြိမ်းတော်မူရှာသတည်း။

(၁၁.၁၀.၈၁)

ဤသို့လျှင် ဆရာတော် အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ အမြွက်ကို ဖတ်ရှုပြီးသွားသောအခါ ကျွန်ုပ်ရင်မှာ ဝေဒနာ နှစ်ရပ် တင်ကျန်ရစ်ခဲ့လေ၏။

၇/၅၀

ပထမဝေဒနာမှာ ဘုန်းကြီးသေ ရှာကြေဟူသော ဆိုရိုး စကားအရ ပြာသာဒ်တွေလုပ်ကြ၊ ဆင်တွေ တလားတွေ လုပ်ကြနှင့် ငွေကြေး အကုန်အကျခံကြရ၏။ ထိုသို့ လူအများ ၏ ငွေကြေးဖြင့် ပြုလုပ်ထားသောပစ္စည်းများကို ခဏမျှသာ သုံးစွဲပြီး မီးရှို့ပစ်လိုက်ကြရ၏။ ယခုအခါ ထိုကဲ့သို့သော ဖြုန်းတီးမှုကို မပြုကြတော့ပြီ။ ခေတ်မီ စီးပွားရေးအမြင် ရှိကြပြီဟု၍ သဘောပေါက်သဖြင့် ဝမ်းသာရသော ဝေဒနာ ဖြစ်ပါ၏။

ဒုတိယ ဝေဒနာမှာမူ ပထမ ဝေဒနာနှင့် ဆန့်ကျင်သော စိုးရိမ်မှု ဝမ်းနည်းမှု ဖြစ်၏။

ဗုဒ္ဓဘာသာဝင်အများစုသည် ဤသို့လျှင် ခေတ်မီ စီးပွား ရေးအမြင် ရှိလာကြကာ ဘုန်းကြီးပျံများကို ရှေးဟန်ရှေးမူ ဖြင့် ခမ်းနားစွာ ကျင်းပမှု မပြုကြတော့လျှင် များသော အားဖြင့် ဘုန်းကြီးပျံရှိမှသာ အလုပ်လုပ်ရသော လပ်ပန်းချီ ပညာရှင်များ၏ ဝမ်းရေးသည် ဖုလုံပါဦးမည်လော။

လပ်ပန်းချီ ပညာရှင်ကြီးများပင်လျှင် ထမင်းမဝပါက ယင်းပညာကိုဆက်ခံမည့် ပညာသင်တပည့်လက်သားတို့ ပေါ် ပေါက်လာနိုင်ပါမည်လော။

ယင်းပညာကိုဆက်ခံမည့် မျိုးဆက်မျိုးနွယ်များ မွေးပွား

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်

မလာပါမှ လက်ရှိပညာရှင်များ ကွယ်လွန်ပြီးနောက်တွင် စပ်ပန်းချီပညာလည်း ကွယ်ပျောက်ရတော့မည်လော။ ထိုသို့ ဆင်ခြင်မိသောအခါ စိတ်မကောင်းဖြစ်ရ၏။

ကျွန်ုပ်သည် ပန်းချီပညာရှင် မဟုတ်သော်ငြားလည်း မြတ်နိုးဖွယ်ရာ ရတနာဖြစ်သည်ဟူ၍ သဘောထားကာ သိရှိမြတ်နိုးပါသည်။

ယခု မိမိမြတ်နိုးသော ရတနာကြီးထဲမှ အခက်အလက် ကလေးတခု ပျို့ ကြွေကျတော့မည်လောဟု တွေးပူရသည့် အခြေအနေနှင့် ကြုံရသောအခါ မိမိတတ်စွမ်းနိုင်မည့် လုပ်ဆောင်ဖွယ်ရာကို ရှာဖွေပါသည်။ ထိုအခါ ဤသို့ဆင်ခြင် စဉ်းစားမိပေသည်။

စပ်ပန်းချီအကြောင်း ဂနုသေချာစွာ ပြောပြနိုင်မည့် ပညာရှင်ကြီးတွေ ကျန်းမာစွာဖြင့် သက်ရှိထင်ရှားရှိနေကြစဉ် ယင်းပညာအကြောင်းကို မေးမြန်းမှတ်သားခြင်းဖြင့် မှတ်တမ်းတင်ထားရသော် သင့်လျော်ပေလိမ့်မည်။

ကျွန်ုပ် ခရီးထွက်လာခဲ့ခြင်း၏ ရည်ရွယ်ချက်မှာ ပြောင်းလဲ တိုးတက်နေသော လယ်အကြောင်း၊ ကိုင်းအကြောင်းတို့ကို လေ့လာရန်၊ တွေ့ဆုံရန်ဖြစ်၏။ သို့ဖြစ်ငြားလည်း စပ်ပန်းချီနှင့် စပ်လျဉ်းသောဝေဒနာမှ ဝေဒနာကို မေ့မေ့ပျောက်မိသောကြောင့် စွမ်းဆောင်နိုင်သမျှကို ဖြစ်အောင် ဆောင်ရွက်ရပေတော့မည်။

ထို့ကြောင့် ရွာသို့ ရောက်လျှင်ရောက်ချင်း ဦးစွာစုံစမ်း ရသောကိစ္စမှာ စပ်ပန်းချီပညာရှင် တယောက်ယောက်သာ ဖြစ်တော့၏။

ရှေးမျိုးများ၊ အပေါင်းအသင်းများသည် သူတို့သိသော၊ သူတို့ကြားဖူးသော ပန်းချီဆရာများ၏ အမည်ကို ထုတ်ဖော်



ကြသည်။ သည်အထဲ၌ "ပုရပိုက်တန်းက ကိုစိန်မောင်" ဟူ၍ တယောက်က ပြောသည်။ သို့ဖြင့် သွားရေးလာရေး လွယ်ကူသော၊ ရှေးရွာမျိုးရွာလည်းဖြစ်သော၊ လူချင်းဆက်ဆံရာတွင် လည်း အဆင်ပြေဖွယ်ရှိသော ပုရပိုက်တန်းရွာကို ရွေးချယ် လိုက်၏။

ပုရပိုက်တန်း ရွာသည် ဆင်ဖြူကျွန်းမြို့၏ တောင်ဘက် နှစ်မိုင်ခန့်အကွာ ကားလမ်းဘေး၌ တည်ရှိ၏။ စလင်းချောင်း နှင့်လည်း ကားလမ်းမျှသာခြား၍ ယမ်းဖိုကုန်းရွာနှင့်မူ တခေါ်မျှသာ ဝေးသည်။

စပ်ပန်းချီပညာကို ဦးစိန်မောင်တို့ ဆရာစဉ် သမားဆက် ကမူ "ပန်းချီအဆောက်အအုံ" ဟူ၍သာ ခေါ်ကြ၏။ ဦးစိန် မောင်သည် အသက် ၆၀ ရွယ် လူ့ဇလံတယောက်ဖြစ်ကာ စပ်ပန်းချီပညာလုပ်သက် နှစ်ပေါင်း ၄၀ ကျော်ခဲ့ပြီ။ ဆရာ၏ ခွင့်ပြုချက်ဖြင့် သူဦးစီးလုပ်ဆောင်ခဲ့သော ဆင်အကောင် ပေါင်း ၅၀ ခန့်၊ လောင်တိုက် ၅၀ ခန့်နှင့် ပြာသာဒ်ပေါင်း ၃၀၀ ကျော်ရှိခဲ့ပြီ။ မဏ္ဍပ်ကိုမူကား စက္ကူမဏ္ဍပ်၊ သံပန်းမဏ္ဍပ်များ လုပ်ကိုင် ငှားရမ်းဖူးသဖြင့် ဆိုဖွယ်မရှိတော့သော ဆရာသက် နှစ်ပေါင်း ၃၀ ကျော်ခဲ့ပြီဖြစ်သည့်စပ်ပန်းချီဆရာ ဖြစ်ပေသည်။

ကျွန်ုပ်သည် စပ်ပန်းချီပညာအတွက် စေတနာလှုံ့ဆော် သောကြောင့်သာ ထမြီး ဆောင်ရွက်သူ ဖြစ်၏။ ပင်ကိုမှာမူ "သန်ကောင်" ကိုပင် ရေးဆွဲတတ်သူမဟုတ်ချေ။

ထို့ကြောင့် ယင်းပညာအကြောင်းကို ရှင်းလင်းပြရာ၌ ဦးစိန်မောင်ကား ပင်ပန်းလှ၏။ ပျဉ်ပြားပေါ်တွင် မြေဖြူဖြင့် အကြမ်းရေးပြ၍ တသွယ်၊ စက္ကူပေါ်တွင် အချော ရေးပြ၍ တနည်း၊ ရုပ်လုံးရုပ်ကြွ တည်ဆောက်ပြ၍တဖုံ နားလည်သည် ထက်လည်အောင်၊ မြင်သည်ထက်မြင်အောင် ရှင်းလင်း ကူညီ

ပေးခဲ့သည့်အတွက် ယခု ဤစာအုပ်တွင် အတန်အသင့် အသေးစိတ် ဖော်ပြနိုင်ခြင်းဖြစ်ပေသည်။

ကျွန်ုပ်သည် ပန်းချီပညာရှင် တယောက်မဟုတ်ကြောင်း၊ စေတနာစိတ်တချက်ကြောင့်သာ သွားယင်းဟန်လွှဲ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့ပြီးပါပြီ။

ထိုအခါ ရေထဲတွင်ကျင်လည်သောငါးက ကုန်းပေါ်သို့တက်လာပြီး ဆင်များကဲ့သို့ သစ်ဆွဲခြင်း၊ ကျွဲများကဲ့သို့မြေယာ ထွန်ယက်ခြင်း ပြုသည့်သို့ ဖြစ်မနေပေလောဟု မေးစရာရှိပါသည်။

မှန်ပါသည်။ ကျွန်ုပ်သည် စပ်ပန်းချီမိတ်ဆက် အမည်ဖြင့် စာတအုပ် ပြုစုရန် ပြင်ဆင်နေချိန်အထိ စပ်ပန်းချီဟူသည် အနုကြီးမှုတွင်သာ ရှိသည်ဟူ၍ အခြားသော လူများစုနည်းတူ ထင်မြင်နေခဲ့ ရှိခဲ့ပါသည်။ စုယင်းဆောင်းယင်း မှတ်သားယင်းဖြင့် စပ်ပန်းချီဟူသည် မွေးသည်မှ သေသည်အထိ မကင်းနိုင်သောပညာ၊ ပန်းချီသာမက ပန်းရံပညာ၊ ပန်းပုပညာပါ ဆက်နွယ်နေသော ပညာပါတကားဟု ရိပ်မိပါသည်။

သို့သော် ဤစာအုပ်သည် စပ်ပန်းချီအနုပညာအကြောင်းကို မဖော်ပြပါ။ စပ်ပန်းချီ၏ "တုတ်ထောင် ကောက်ကပ်" အတတ်ပညာကိုသာ ရိုးတမ်းသံတမ်း ဖော်ပြရန် ကြိုးစားထားပါသည်။ သို့ဖြစ်၍ မရှိသေးသောအရာကို ရှိလာစေရန် စေတနာဖြင့် မ တည်ပေးသည်ဟု သဘောထားကြကာ ထိုမှ ဖြစ်ပြုသည်ကိုမူ လိုရာဖြည့်၊ ပိုရာဖြတ်၊ တိမ်းသည်ကိုတည့်၊ မှားသည်ကိုပြင်၊ ကောင်းသည်ကိုမှတ်ခြင်းဖြင့် နောက်ဆုံးတွင် ပိုမိုလင်း ပြည့်စုံသော "စပ်ပန်းချီကျမ်း" တစောင် ပေါ်ပေါက်လာပါမည်ဟူ၍ ယုံကြည်ရပါသည်။

ဆင်ဖြူကျွန်း အောင်သိန်း

# ၁။ စပ်ပန်းချီအစ စပ်ပညာက

စပ်ပန်းချီဖြင့် ပန်းတီး ပြုလုပ်သော အရာဝတ္ထုများကို "ယာယီ" ဟူ၍လည်း ခေါ်ပါသည်။ ထာဝရသုံးစွဲရန် မသင့်လျော်၊ ခိုင်ခံ့ခြင်းမရှိသော တခေါက်အတုပုံစံများကို ယာယီပစ္စည်းဟု ခေါ်ရပေမည်။

စပ်ပညာ၏ နောက်ကြောင်းကိုရှာဖွေသော် ပါးစပ်ရာဇဝင်အဖြစ် လူသိများသော ကံရာဇာကြီး ကံရာဇာငယ်တို့၏ ထီးနန်းအမွေ ဆက်ခံရေး ပရိယာယ်ပြိုင်ပွဲကို တွေ့ရပါသည်။

ညီနောင်နှစ်ပါးတို့ နန်းလုကြရာတွင် မှူးမတ်များ၏ သဘောအရ ဦးစွာ စေတီ(ပုထိုး)တဆူ တည်ပြီးသူအား ထီးနန်းလွှဲအပ်ရမည်ဟု စည်းကမ်းသတ်မှတ်ချက်အရ ညီနောင်နှစ်ဦး ဘုရားတည်ကြ၏။

ညီငယ်သည် ဥပါယ်တမျဉ်ဖြင့် စေတီပုထိုး၏အသွင်အပြင်ကို သင်ဝါးတို့ဖြင့် မွမ်းမံပြင်ဆင်၍ ပြီးစီးခဲ့သည့်အားလျော်စွာ ထီးနန်းကို ဆက်ခံ သိမ်းပိုက်ခဲ့၏။ ကံရာဇာငယ်၏ လုပ်ငန်း ပြီးမြောက်အောင်မြင်မှုသည် စပ်ပညာ (ယာယီပြုလုပ်သော အတတ်ပညာ)ဟု ဆိုနိုင်သည်။

သို့ကြောင့် ပထမ တကောင်းခေတ်ဦးမှာပင်လျှင် စပ်ပညာ ပေါ်ထွန်းနေပြီဖြစ်ကြောင်း သိနိုင်ပေ၏။[၁] သို့တစေ၊ ကျွန်ုပ်

၁။ တက္ကသိုလ် ချစ်ဆွေ၊ "စပ်လုပ်ငန်း၊ ဝေါဟာရ"၊ ပြည်ထောင်စု ယဉ်ကျေးမှု မဂ္ဂဇင်း၊ အတွဲ ၁၊ အမှတ် ၉၊ စာမျက်နှာ - ၇၉။

ပေါ်ထွန်းနေခဲ့ခြင်းကား စပ်ပန်းချီမဟုတ်မူ၍ စပ်ပညာမျှသာ ဖြစ်ဖွယ်ရှိသည်ဟု ထင်ပါသည်။

## စပ်ပန်းချီ

ပန်းချီ အနုပညာသင်ကျောင်းဟူ၍လည်းကောင်း၊ ပန်းချီ သင်တန်းဟူ၍ လည်းကောင်း မရှိသေးသော ရှေးအခါက ယင်းပညာကို သင်ယူလေ့လာရန် မလွယ်ကူလှပေ။ ပန်းချီ အနုပညာနှင့် ပတ်သက်၍ ဖတ်ရှုစရာ၊ လေ့လာစရာ စာအုပ် စာတမ်း၊ ပန်းချီအနုပညာကျမ်းဟူ၍လည်း မရှိသလောက်ပင် ဖြစ်ချေသည်။

ပညာလိုလားသူများမှာ ဆရာအစဉ်အဆက်ထံတွင် အနည်းဆုံး သုံးနှစ်သုံးမိုး တပည့်ခံ၍ လက်တွေ့ လေ့လာ သင်ယူကြရသည်။ ပေ၊ ပုရပိုက်များမှ ပန်းချီအနုပညာ ဆိုင်ရာ မှတ်စုမှတ်တမ်းများ၊ ဆေးဖော်စပ်နည်းများ၊ အချိုး အစားနှင့် အတိုင်းအတာများကို အဆင့်ဆင့်ကူးယူ၍ အချို့ကို အလွတ်ကျက်မှတ်ကြရသည်။

"အကြမ်းအားဖြင့် ပန်းချီပညာသည် တဦးသည် ကောက် ကြောင်း သို့မဟုတ် လှောင်ကြောင်းကို နိုင်နင်းရသည်။ ရွှေကနုတ်၊ ယိုးဒယားစသည့် ပန်းရေးနည်း များကိုလည်း တတ်ကျွမ်းရသည်။ စပ်(ယာယီ)လုပ်ငန်းဆိုင်ရာ ကိစ္စအဝဝ ကိုလည်း တတ်သိနားလည်ရသည်။ သို့မှသာ ဒုမင်္ဂလာ၊



သုမင်္ဂလာဆိုင်ရာ မွမ်းမံပြင်ဆင်မှုများကို အကွက်စေ့စေ့ လုပ်ကိုင် တတ်ပေမည်။"[၂]

စပ်(ယာယီ)လုပ်ငန်း သို့မဟုတ် စပ်ပန်းချီလုပ်ငန်းသည် မြန်မာနိုင်ငံတွင် ကုန်းဘောင်ခေတ်လောက်ကျမှသာ ထွန်း ကားလာသည်ဟု ခန့်မှန်းကြပါသည်။ အဘယ်ကြောင့်ဆိုသော် စပ်ပန်းချီလုပ်ငန်းအတွက် အရေးကြီးသည့် ကုန်ကြမ်းဖြစ် သော စက္ကူသည် မြန်မာနိုင်ငံသို့ ထိုခေတ်တွင်မှသာ တွင် ကျယ်စွာ ဝင်ရောက်လာသောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် တချက်စဉ်းစားစရာရှိသည်မှာ မိုင်းကိုင်စက္ကူ ဖြစ်ပေ၏။ မိုင်းကိုင်စက္ကူသည်လည်း စပ်ပန်းချီလုပ်ငန်း၌ သုံးစွဲ၍ ရနိုင်ပေ၏။ သို့ကြောင့် သဘောတော် ကုန်ပစ္စည်း ဖြစ်သည့် စက္ကူများ ဝင်ရောက်မလာမီကတည်းက ပြည်တွင်း ဖြစ် မိုင်းကိုင်စက္ကူ ပေါ်ပေါက်နေနှင့်ပြီဆိုလျှင် စပ်ပန်းချီ လုပ်ငန်းသည် ကုန်းဘောင်ခေတ်ထက်စော၍ ပေါ်ပေါက်နေ နိုင်သည်ဟု မခန့်မှန်းနိုင်ပါသလော။

အလောင်းမင်းတရား လက်ထက်တွင် မုံရွာနယ်၊ ကျောက် ကာရွာဇာတိဖြစ်သော စပ်ပညာရှင်ကြီးများဖြစ်သည့် ဆရာပို နှင့် ဆရာပေါ်တို့မှာ လယ်ယာမြေများ ချီးမြှင့်ခြင်းခံခဲ့ရပေ သည်ဟု အဆိုရှိပေသည်။[၃]

ဤသည်ကိုထောက်ချင့်လျှင် မိုင်းကိုင်စက္ကူ ပြုလုပ်သော ပညာရှင်များသာ ပေါ်ပေါက်နေကြပြီဖြစ်ပါက စပ်ပန်းချီ

၂။ မင်းနိုင် "ပန်းချီတော်"၊ ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၂၀၃။ စာမျက်နှာ ၅၁။
၃။ အတွေး၊ "စပ်ပန်းချီ တစေ့တစောင်း"၊ စပ်မြန် မဂ္ဂဇင်း၊ အမှတ် ၁၄၊ စာမျက်နှာ ၁၄၉။

လုပ်ငန်းသည် ထိုခေတ်မတိုင်မီကပင် ထွန်းကားနေပြီဟု၍ ဆိုနိုင်စရာရှိပါသည်။

## စပ်ပန်းချီအခေါ်

မြင်တွေ့ရသမျှ ခံစားရသမျှ စဉ်းစားတွေးခေါ်ရသမျှကို အာရုံရှိသော နံရံပေါ်၌လည်းကောင်း၊ စက္ကူလွှတ်ပေါ်၌ လည်းကောင်း၊ ပိတ်ကားချပ်ပြောင်ပေါ်၌ လည်းကောင်း ပုံပန်းသဏ္ဌာန် သရုပ်ဆောင်ရေးချ၍ ဆေးခြယ်ပြခြင်းကို ပန်းချီ ဟုခေါ်သည်။[၁]

တန်ဆောင်း၊ ဘုံ၊ ပြာသာဒ်၊ မဏ္ဍပ်စသည့် ဝတ္ထုပစ္စည်း များကို တပြိုင်နက် စေ့စေ့ကိုက် ဆင်ယင်ပြုလုပ်ရသည် မဟုတ် ပေ။ မိမိအလိုရှိသော ဝတ္ထု၊ အသည်ဖြစ်ဖြစ်ရန် ဟိမှုသည်မှ စပ်သပ်(စပ်စပ်သော)ပြုလုပ်ရသည်ကို အကြောင်းပြု၍ စပ် ဟုခေါ်၏။

ထို့ကြောင့် စပ်ပန်းချီဟူသည် ပန်းချီဆရာ၏ စဉ်းစား တွေးခေါ်၍ ရသမျှအလှအပ ရေးခြယ်ထားသော အစိတ် အပိုင်းများကို စပ်ဟပ်ဆင်ယင်သော အတတ်ဟု ဆိုရမည် ထင်ပါသည်။ စပ်ပန်းချီ လုပ်ငန်းကိုပင် ယာယီဟူ၍လည်း ခေါ်ကြပြန်သေး၏။

ယာယီဟူရာ၌ အလျှုအတန်း၊ သာရေးနာရေးတို့၌ ပြုလုပ် ကာ တန်ဆောင်း၊ ဘုံ၊ ပြာသာဒ်၊ မဏ္ဍပ်စသော ဝတ္ထုဖြစ် သဏ္ဌာန်ကို ထာဝစဉ်တည်မြဲအောင်ပြုခြင်းမရှိဘဲ ခေတ္တခဏ (ဝါ)

၁။ မြန်မာ့စွယ်စုံကျမ်း၊ စာမျက်နှာ ၂၁၊ အတွဲ ၇။



ယာယီအဖြစ် အသုံးပြုကာ ဖျက်သိမ်းခြင်းကို အကြောင်းပြု၍ ယာယီဟု ခေါ်၏။[၂]

သို့ရာတွင် "စပ်" ဟူသော စကား၊ "ယာယီ" ဟူသော အသုံးအနှုန်းများကို ဒုမ္ဘာလ အဓိပ္ပာယ်အနားနင့်သော ဆက်ဆိုင် သည်ဟူ၍ အများအားဖြင့် နားလည်နေကြ၏။ သို့သော် ဤသို့မဟုတ်ချေ။ စပ်ပန်းချီသည် ပန်းချီတော် ဖြစ်နိုင်သည့် အရည်အချင်းများတွင် တပါးအပါအဝင် ဖြစ်ပေသည်။

တဖန် စပ်ပန်းချီသည် ရှေးရိုးမြန်မာပန်းချီ အစဉ်အလာ လေးမျိုးတွင်လည်း အကျုံးဝင်နေပြန်ပေသေးသည်။

စပ်ပန်းချီနှင့် ပတ်သက်၍ (အင်းဝ ရွှာစား သီရိဥဇနာ)၏ လောကဗျူဟာကျမ်း (အင်ရုံစာတမ်း)စာမျက်နှာ ၁၂ တွင်-

> အင်းဝ ရတနာပူရမြို့တွင် စိုးစံခဲ့သော သတိုးမင်း များအစ ဟံသာဝတီရောက် မင်းတရား အဆုံးရှိသော မင်းဆက် ၂၉ ဆက်လက်ထက်တွင် သားတော်များကို သိမ်ရွှေပရာဇာအရာ ဆောင်နှင်းရာ၌ ရုံမက်ခြေရုံနှင့် အမှုလုပ်များ ပေးအပ်သည်။ ယင်း လူစာရင်းတွင် နန်းပိသုကာ ၂။ လက်သမားခေါင်းနှင့် လူ ၁၀။ ပရပတ်သမားခေါင်းနှင့် လူ ၁၀။ ပန်းပုခေါင်းနှင့် လူ ၁၀။ စပ်သမားခေါင်းနှင့် လူ ၁၀။ ဆင်စွယ်ပွတ် ၅။

ဟူ၍လည်းကောင်း၊

၂။ ကဏ္ဍသိုက် ချစ်ဆွေ၊ "စပ်လုပ်ငန်း၊ ဓလေ့ဘာဂ"၊ ပြည်ထောင်စု ယဉ်ကျေးမှု ဂျာနယ်၊ အတွဲ ၁၊ အမှတ် ၉၊ စာမျက်နှာ ၇၃။

စာရေးတော်ကြီး ဦးရာဇကျော်၏ မြန်မာ မဟာမင်္ဂလာ မင်းခမ်းတော် စာမျက်နှာ ၇၃ တွင်–

> အမရပူရမြို့ ပထမမြို့တည်နန်းတည် ဘဝရှင်မင်းတရားကြီး သားတော်အား အိမ်ရှေ့နန်းတော်မှုရာတွင် အိမ်ရှေ့မင်း အသုံးအဆောင် ခြွေရံသင်းပင်းနှင့် အမှုထမ်းများ။ ထည့်ပေးရာ "စပ်သမား ထွေနှင်းကျော် နှင့် လူပေါင်း ၂၂"

ဟူ၍လည်းကောင်း တွေ့ရှိရပေသည်။

## ၂။ ရှေးရိုး မြန်မာပန်းချီ

ရှေးရိုး မြန်မာပန်းချီတွင် အစဉ်အလာအရ အောက်ပါ အတိုင်း လေးမျိုး ရှိပေသည်။ ယင်းတို့ကား (၁) ကနုတ်၊ (၂) နာရီ၊ (၃) ကပ္ပိ၊ (၄) ဂဇာဟူ၍ဖြစ်သည်။

ကနုတ်ဟူသည် အကွေ့အကောက်၊ အလိပ်အခွေ၊ ပန်းပုံ အမျိုးမျိုးပင် ဖြစ်၏။

ကနုတ်ဟူသော ဝေါဟာရသည် ကြာခွေ၊ ကြာလိပ်၊ ကြာပန်း၊ ခြူးပန်းတို့ကို ဆိုလိုပေသည်။ ကနုတ်ဟူသော ဝေါဟာရအသုံးကို မြန်မာသက္ကရာဇ် ၁၂၀၀ ကျော် သာယာဝတီမင်းလက်ထက်တွင် ဒုတိယနဝဒေးကြီး၏ ရတုင်းမော်ကွန်း နိဂုံး၌ –

> လောကသမုတ်၊ ကနုတ်နာရီ၊
> ကပ္ပိဂဇာ၊ ဂုဏ်ပညာလည်း၊
> ခံရာခက်ငြိ၊ ထုတ်ချင်းလျှိုမျှ၊
> ရွှေကိုယ်တော်ပြု

ဟုပါရှိသည်ကို တွေ့ရပါသည်။

ကနုတ်ပန်းကို အသုံးပြု၍ တန်ဆာဆင်သော ပစ္စည်းများမှာ မုခ်ဒုရင်၊ ထောင့်ဒုရင်၊ ရာဇပလ္လင် ဥက္ကာင်ရှိစိုင်ပေါင်၊ ရာဇပလ္လင်ဥက္ကာင်ရှိ တော်ရနေ့ဘင်၊ ရာဇပလ္လင်ဥက္ကာင်ရှိ အခေဆာ်၊ ရာဇပလ္လင်ဥက္ကာင်ရှိ ကြေးကျေး၊ ရာဇပလ္လင်ဥက္ကာင်ရှိ မုတ်ဆိတ်၊ ရာဇပလ္လင်ဥက္ကာင်ရှိ မျှားကြီးဆွဲ၊ လင်းနို့တောင်၊ လိပ်ပြာတောင်၊ ဂဠုန်တောင်၊ ပုစဉ်းတောင်၊ ပုစွန်တုပ်ကျော၊ သရက်ကင်း၊

မဏ္ဍပ် နဖူးစည်း၊ ဘုရား၊ ကျောင်းများမှ မျက်နှာကြက်တို့ ဖြစ်သည်။

ကြာမှောက်၊ ကြာလန်၊ ကြာရိုး၊ ကြာစွယ်၊ ကြာဖတ်၊ မန်ကျည်းရွက်ဆက်၊ သစ်ခွေ၊ မှော်ပွင့်တို့သည်လည်း ကနုတ်တွင် အကျုံးဝင်ပေသည်။

ကနုတ်ညွတ် အမျိုးမျိုးကိုလည်း ဘိလူးပန်းဆွဲ၊ ခြူးပန်းဆွဲ၊ ဇာတာသိမ်း၊ ဆင်စွယ်ဝန်းရွက်၊ ဇက်ကွင်း၊ ဇောကွင်း၊ ရှေ့ကွက်၊ မှန်ကူကွက်၊ ထုတ်ကွက်၊ မြင်းခွာ၊ ရှဲ၊ စိန်ပွင့်၊ စိန်ကိုး၊ ဇလွှ၊ ခရုပတ်၊ နဂါးလိမ်၊ လှိုင်းအိ၊ မုဒရက်ပန်းနွယ်၊ ဒုနွယ် နဂါးသေသည်ဖြင့် မှည့်ခေါ်ထားပါသေးသည်။

နရီဆိုသည်မှာ မိန်းမရုပ် အမျိုးမျိုးကို ဆိုလိုပေသည်။ ကပိမှာ မျောက်ရုပ်၊ ဘီလူးရုပ် စသည်တို့ဖြစ်ပေသည်။ ဂဇာမှာ ဆင်ရုပ်၊ ခြင်္သေ့ရုပ် စသည်တို့ဖြစ်ပေသည်။[၆]

ထို့ကြောင့် စပ်ပန်းချီပညာသည် ရှေးရိုး မြန်မာပန်းချီ အစဉ်အလာ လေးမျိုးကို တိုတောင်းသော အချိန်ကာလ အတွင်း ကျန်ကျစရိုက် နည်းပါးစွာဖြင့် ဖန်တီးပေးသော ပညာဟူ၍လည်း ခေါ်နိုင်မည် ထင်ပါသည်။

[၆] [illegible] (ဓာတ်ပုံ) "မြန်မာ့ [illegible]"၊ [illegible] ၂၅၃ နှ၁ ၅၆။

# ၃။ စပ်ပန်းချီသုံး အခမ်းအနားများ

မြန်မာတို့၏ ပွဲလမ်းသဘင် အခမ်းအနားများ ကျင်းပကြရာတွင် မှမ်းမံ ခြယ်လှယ်မှုစသော အဆောင်အယောင်များ ပါလေ့ပါထ ရှိသည်။ ထိုအခါတွင် မျက်စိပသာဒလည်းဖြစ်စေ၊ ငွေကုန်ကြေးကျလည်း သက်သာစေသော စပ်ပန်းချီပညာရှင်များ၏ အနုပညာကို ခိုလှုံကြရတော့၏။

စပ်ပန်းချီကို အသုံးပြုသော အခမ်းအနားများမှာ (၁) သုမင်္ဂလာ အခမ်းအနားများ (၂) ဒုမင်္ဂလာ အခမ်းအနားများဖြစ်ကြပေ၏။

## သုမင်္ဂလာ အခမ်းအနား

သာရေးနှင့် စပ်လျဉ်းသော သုမင်္ဂလာ အခမ်းအနားများမှာ ဘုရားပင့်၊ ဘုရားပူဇော်ပွဲများ၊ ရဟန်းခံ၊ ရှင်ပြု၊ နားသမင်္ဂလာပွဲများ၊ လက်ထပ်မင်္ဂလာပွဲများ၊ အခြား အခမ်းအနားနှင့် ပျော်ပွဲရွှင်ပွဲများ ဖြစ်ပေသည်။

ဘုရားဆင်းတုတော်များ၊ ရှင်ဥပဂုတ် စသော ရဟန္တာဆင်းတုတော်များ ပင့်ဆောင် လှည့်လည်ရာတွင် ပြာသာဒ်ငယ်များဖြင့် ပင့်ဆောင်တတ်ကြသည်။ အများဖူးမြော်ပူဇော်ရန် ထားရှိသော နေရာတွင်လည်း ပြာသာဒ်ဖြင့်ပင် ထားရှိသည်က များ၏။

ဤပြာသာဒ်များသည် မကြီးကျယ်လှပေ။ ဘုံဆောင် ကလေး အနည်းငယ်ဖြင့်သာ ဆင်ယင်တတ်ကြပေသည်။



သုမင်္ဂလာ၊ ဒုမင်္ဂလာတို့တွင် အသုံးပြုလေ့ရှိသော ကရဝိက်ဖောင်

ကြီးကျယ်သော နားသွင်းနားသာ မင်္ဂလာများတွင် သတို့သမီးငယ်များကို လှပစွာ ဆင်ယင်ထားပြီး ကရဝိက်ဖောင်ပုံ



ဆင်ယင်ထားသော ဘီး တပ် ယာဉ်ဖြင့် လှည့်လည်ကြ၏။ ကရဝိက်ဖောင်ပေါ်တွင် ပြာသာဒ်ဆောင်ရေ မည်မျှတင်ရမည်ဟု အကန့်အသတ် မရှိပေ။ ချုံ့လျှင်ချုံ့သလောက်ရှုခြဲ့ထွင်လျှင်လည်း ဘုံဆောင်များစွာပါသော ပြာသာဒ် သုံးဆောင်အထိ တင်နိုင်ပေသည်။

ကရဝိက်ဖောင်သည် ရှေးမြန်မာမင်းမြတ်များ အသုံးပြုသော "ကရဝိက်ဖောင်တော်"[၁] များကို တုပထားခြင်းဖြစ်ပေ၏။ မှရင်းကရဝိက်ဖောင်တော်များတွင် အကာများ၊ ပြတင်းပေါက်များ ပါရှိသော်ငြားလည်း သုမင်္ဂလာ၊ ဒုမင်္ဂလာများ၌ အသုံးပြုသော ကရဝိက်ဖောင် များတွင်ကား အကာအရံ မပါချေ။

ကရဝိက်ဖောင် ပုံပိုင်းတွင် ပုံစင်ရှိသည်။ ယင်းပုံစင်တွင် ကျွန်ုပ်ဖြင့်ပြုလုပ်ထားသော ပုံတက်ကို တပ်ဆင်ထားသည်။ ကျွန်ုပ်ဖြင့်ပင် ပြုလုပ်ထားသော လှော်တက်များကိုကား လှပသော အမျိုးသမီးကလေးများက ဖောင် လှော်ခတ်ဟန် လုပ်ရွှားယင်း သံပြိုင်တေးကို သီဆိုကြ၏။

ကရဝိက်ဖောင်တွင် ရှေ့ပိုင်း ကရဝိက်ငှက်၏ ဦးခေါင်း ပါသလုပလျှင် ကရဝိက်ဖောင် ဖြစ်ပေတော့သည်။ ဤသို့သော အရုပ်မျိုးကို ခေတ်အသုံးအားဖြင့် ယိုးဒယားကောင်ဟု ခေါ်ကြပေသည်။ နဂါးရုပ်၊ ခြင်္သေ့ရုပ်၊ ကိန္နရာ၊ နယား စသည်တို့ဖြစ်သည်။

အကောင်များပြုလုပ်ရာ၌ နှစ်မျိုးနှစ်စား ရှိပေ၏။ တမျိုး

---

[၁] ဗဟိုရည်၊ မန်းဇော်ပြည့်စုံစံ၊ ၁၉၅၉ ခုနှစ်၊ နိုင်ငံအာလကော် ပေါ်ပိုရည် သတင်းစာတိုက်၊ မန္တလေးမြို့။

မှာ မြှက်ကျက်ရက်ပြီး ပြုလုပ်ခြင်းဖြစ်၍ ဒုတိယသတမျိုးမှာ ဝါးစများကို ကော်ကြိုးချည့်၍ ပြုလုပ်သောနည်းဖြစ်၏။

ကော်သုတ်ထားသော ပိတ်စကြိုးများဖြင့် အခြေခံဝါးကို ချည်နှောင်ခြင်းကို ရုပ်လုံးချည်သည်ဟု ခေါ်၏။ ရုပ်လုံးချည်ရာ၌ အထက်တွင် ဖော်ပြသည့်အတိုင်း တင်းဝါးကို နှီးခွဲပြီး မြှက်ကျက်ရက်ကာ ရုပ်လုံးဖော်ရ၏။ ဤနည်းမှာ အထန်ခက်ခဲသည့်အတွက် အမြင့်စားဟု ခေါ်ကြပေ၏။ ဒုတိယနည်းမှာကား လွယ်ကူသောကြောင့် ဆရာတော တပည့်ပါ မှုတွဲလုပ်ကိုင်နိုင်သည်ဟု ဆိုပေသည်။

မည်သည့်နည်းဖြင့်ပင် အကောင်များ လုပ်သည်ဖြစ်စေ အပြင်မှုနည်း "ဂိုက်" သည် အရေးဖြစ်၏။ ဂိုက်ကောင်းမှ အကောင်လှသည်၊ ခန့်သည်၊ ကြွားသည်။

ဂိုက်တွင် "ကင်ပျစ်" ချည်ရသည်။ ချည်သည်ဆိုသော်လည်း အများအားဖြင့် ဂိုက်ပုံစံတွင်း၌ အခြေခံဝါးခြမ်းပြားများကို သံဖြင့်ရိုက်သည်ကများ၏။ ကင်ပျစ် ရိုက်ပြီးသည့်နောက်တွင် ရွှေရုပ်ချုပ်ရသည်။ ယင်းသို့ "ရွှေ" များ လိုအပ်သလို ရှုပ်ပြီးသွားပါက ရုပ်လုံးအကြမ်း ပေါ်လာတော့သည်။

အကောင်၏ ကျန် အစိတ်အပိုင်းများကိုမူ အရွယ်ကြီးပါက ကင်ပျစ်ရိုက်၍လည်းကောင်း၊ အရွယ်သေးလျှင် ကပ်ပြားကပ်၍လည်းကောင်း ဆက်စပ်၍ ရုပ်လုံးအကြမ်းဖော်ကာ မိုင်းကိုင်စက္ကူကပ်သည်။ မိုင်းကိုင်စက္ကူပေါ်တွင် စက္ကူအဖြူနောက်ထပ် တထပ်ကပ်ကာ ခြောက်ချိန်တွင် လိုအပ်သော ဆေးရောင်ခြယ်ခြင်း၊ ကနုတ်ဘက်များ ဆင်ယင်ခြင်းပြုလိုက်ပါက လိုအပ်သော ရုပ်လုံးအချော ရရှိပေသည်။

မိုင်းကိုင်စက္ကူနေရာတွင် ဘိလပ်မြေအိတ် စက္ကူတထပ်



ခံ၍ သတင်းစာစက္ကူ ဖုံးကြသည်လည်း ရှိပေ၏။ ယင်းကဲ့သို့သော အကောင်များ ပြုလုပ်ရာတွင် ရန်ကုန်၌ ပန်းချီဆရာကြီး ဆရာမြစ်နှင့် ဆရာဦးစိုးမောင် (သံဈေး) တို့ နာမည်ကြီးလှသည်ဆို၏။[၈]

ကရဝိက်ဖောင်ပေါ်တွင် ပြာသာဒ် တင်လေ့ရှိကြသည်။ ပြာသာဒ် မည်မျှကြီးရမည်၊ အဆောင် မည်မျှရှိရမည်ဟူ၍ ပုံသေမရှိချေ။ တယ်လီဖုန်းကြိုးများ၊ လျှပ်စစ်ဓာတ်ကြိုးများ ရှုပ်ထွေးစွာ အုပ်ဖွဲ့နေသော မြို့ကြီးများတွင် ပြာသာဒ် မြင့်မြင့်ကြီးကြီး မလုပ်နိုင်ကြပေ။

တဖန် ကရဝိက်ဖောင်ကို မည်ကဲ့သို့သော သုမင်္ဂလအခမ်းအနား၊ မည်ကဲ့သို့သော ဒုမင်္ဂလ အခမ်းအနားတွင်သာ သုံးစွဲရမည်ဆိုသော ပညတ်ချက် မရှိသည့်အတွက် ဝံပန်ရုံခါ၌ ဘုန်းကြီးပျံများတွင် တွေ့ရတတ်၏။ သင်္ကြန်အလှူပြ အဖွဲ့များကလည်း သုံးစွဲကြ၏။ ဘုရားပွဲ၊ သံဃာပွဲ၊ ပိဋကတ်ပွဲ၊ နားသမင်္ဂလာ လှည့်လည်ပွဲများတွင်လည်း မြင်ရပြန်သည်။

မိမိတို့၏ ယဉ်ကျေးမှုပစ္စည်းကို မိမိတို့၏ အသိဖြင့်၊ စည်းကမ်းကလေးနှင့်ထားကာ ဦးနေရာ၊ တော်နေရာ ခွဲခြားလျက် သတ်သတ်မှတ်မှတ် စည်းကမ်းတကျ သုံးစွဲသင့်ကြပေသည်။

## မဏ္ဍပ်

ရဟန်းခံ၊ ရှင်ပြုနှင့်နားသမင်္ဂလာပွဲများ ဆင်ယင်ကျင်းပသော အလှူမဏ္ဍပ်များကို ဆက်လက် ဖော်ပြပါမည်။

---

၈။ ဘဆွေး၊ ''စပ်ပန်းချီ ထဲစုတာဆောင်း'' စစ်ပြန်မဂ္ဂဇင်း။ အမှတ် ၁၄၊ စာမျက်နှာ ၁၃၆။

ကနဦး မဏ္ဍပ်များသည် နွေအခါ၌ ကာကွယ်ရန်၊ နေရောင်ကို ကာကွယ်ရန်သာ ဖြစ်သည်။ ထို့ကြောင့် ဝါးကို တိုင်ထူကာ မြေပြင်တွင် အချင်းနှင့် ထုထည်ပါး တန်းများကို ချည်ပြီး တိုင်ပေါ် သို့ ထိုးတင်၍ ချည်နှောင်ပြီးနောက် ဒေသ အလျောက် အရလွယ်သည့် မိုးပတ်၊ ဖျာ၊ ထန်းရွက်၊ ဓနို ဆိုသည်များကိုမိုးကြသည်။ နောက်ပိုင်းအဖြစ် ခံ့ပန်းထည်များ ကို အသုံးပြုကြသည်။ သံတာစင်ပေါ်တွင် ရုပ်ရှုအကပိုင်းဆိုင်ရာ သို့မဟုတ် အများသုံးအတွက် တဦးတယောက်က ရည်ရွယ်လှူဒါန်းသောသော ကန့်လန့်ကာများကို ကာရံကြသည်။ မိုးလုံးတော်ဆောင်များ ပေါ်လာချိန်တွင် ကော်ဆောင်ပေါ်မှ အလှအပ အကွက်ဆန်းများဖြင့် တန်ဆာဆင်သောအားဖြင့် မိုးလုံးတော်ဆောင်များကို ကာရံလာကြ၏။

မှုက်ခင်းတွင် ဆေးချယ်လန်းဆန်းစေရန် ငှက်ပျောရွက်များ၊ အုန်းလက်များကိုလည်း မဏ္ဍပ်တိုင်များတွင် စိုက်ထူကြသေး၏။

စယ်ပန်းချီပညာ ထွန်းကားလာသောအခါတွင် မဏ္ဍပ်နဖူး စည်းစေရာမှ ခံ့ပန်းထည်များ၊ သံတာစင်ပေါ်မှ ကန့်လန့်ကာနှင့် မိုးလုံးတော်ဆောင်များ ကွယ်ပျောက်သွားပြီး စယ်ပန်းချီပညာရှင်တို့၏ လက်ရာများက ဝင်ရောက် နေရာယူလာကြ၏။

ထိုကဲ့သို့မဏ္ဍပ်များကို စတင်တီထွင်သူကား မန္တလေးမြို့ ကျောက်ဆည်တန်းမှ လက်ဝဲဆရာဘ ဖြစ်သည်ဟု အဆိုရှိပေ၏။ ထို့ကြောင့် စယ်ဆရာ ဆရာဆိုင်သည် ရှင်လောင်းစင်ကို နန်းဆန်စွာ ညှာင်များ၊ တံခါးများဖြင့် မွမ်းမံခြယ်လှယ်ခဲ့သည်။ စယ်ဆရာ ဆရာမှုကလည်း မဏ္ဍပ် တခုလုံးကို မြန်မာ ဘုရင်မင်းမြတ်များ၏ မြေနန်း ပြာသာဒ်တော်ကဲ့သို့ မွမ်းမံ



ဆင်ယင်ပေးခဲ့ရာ ယင်းကဲ့သို့သော မဏ္ဍပ်မျိုးကို "နန်းဆောင်ချိုး" ဟုခေါ်တွင်လျက် လူကြိုက်များကာ တပြည်လုံး ပျံ့နှံ့သွားလေ၏။

နန်းဆောင်ချိုး မဏ္ဍပ်များတွင် ရွှေချထားသော နန်းဆောင်သဏ္ဍာန် ပေါ်ရေနံအတွက် အဝါ၊ နီညိုနှင့် အညိုရောင်များကို အနုအရင့်ခွဲ၍ ရေးခြယ်ကြ၏။ ပိမ့်ဘောက်ပရေနံ "ရောင်ပြား" ကိုလည်းတည့်သွင်း သုံးစွဲကြ၏။ ရောင်ပြားကို ဓိမ္မိဟူ၍လည်းခေါ်၏။

ရွှေရောင်မဏ္ဍပ်များ နည်းတူ အပြာရောင် အနုအရင့် ကစားထားသော မဏ္ဍပ်များလည်း ပေါ်ပေါက်လာပြန်ရာ နှစ်မျိုးလုံး ကျက်သရေရှိသည်သာ ဖြစ်၏။ အပြာရောင် မဏ္ဍပ်မှာ မှိုင်းလှပြီး အေးချမ်းစေသည်။ အဝါရောင်လွှမ်းသောမဏ္ဍပ်မှ တောက်ပြောင်လန်းစေပေသည်။

ထိုအချိန်အခါက မဏ္ဍပ်များသည် စပ်ပန်းချီ၏ ထုံးစံအတိုင်း အမိုးခံ "တုတ်ဆောင် ကောက်ကပ်" များသာ ဖြစ်ကြ၏။ ဝါးခြမ်းပြားကို သံဖြင့်ရိုက်ပြီး ကင်ပျစ်လုပ်ကာ ယင်းအပေါ်မှ ကော်သုတ်၍ မိုးကိုင်စက္ကူကပ်သည်။ မိုးကိုင်စက္ကူမှာ ကော်ခြောက်ချိန်၌ ရေချက်ထားအတိုင် တင်းရင်းနေသဖြင့် သပ်ရပ်ပေသည်။ မိုးကိုင်စက္ကူပေါ်တွင် ဆေးရေးရန် စက္ကူအဖြူ ထပ်မံကပ်ရပြန်သည်။ ၎င်းအဖြူပေါ်တွင် အထုံးအကြောများကို ဆေးရောင် အနုအရင့်ဖြင့် ရေးခြယ်ပေးသည်။ ထိုင်နှင့် နံရံနည်းစံဆောင်ရှိ ဟာနေသောနေရာတွင် "ပျားစွဲ" များကို နိုင်ငံရေးခြယ်ခြင်းမှ တဆင့်တက်၍ စက္ကူဖောက်ပန်း၊ ကနုတ်ပန်းများ ဆင်လာသောအခါ ပို၍နှစ်သက်စဖွယ် ကောင်းလာခဲ့လေ၏။



မဏ္ဍပ်တိုင်များကို နန်းတော်တိုင်သဏ္ဍာန် ဆေးခြယ်ထားသော တိုင်ဖုံးများဖြင့် ဖုံးအုပ်သည်။ အမိုးအစပ်တွင် နဖူးစည်းရှိ၏။ နဖူးစည်းအထက်တွင် အဆဲ့ရှိ၏။ ယင်း၏အောက်တွင် ဓောင်းနှင့် စိန်တောင်များ ဆင်ယင်သည်။ တိုင်ဖုံးနှစ်ချကြား မျက်နှာစာတွင် ပွတ်လုံးတည့်၏။

မဏ္ဍပ်များ၏အချိုးမှာ ခန်းပွင့် ၁၀ ပေဖြစ်၏။ မြေနေရာ ကျယ်လျှင် ကျယ်သလို ကိုးခန်း၊ သယ်ခန်း ဖွင့်ကြသည်။

မဏ္ဍပ်ကို စပ်ပန်းချီပညာဖြင့် အလှအန ဆင်သည့်နည်းတူ မဏ္ဍပ်ရှေ့မျက်နှာစာရှိ မြေပြင်ကိုလည်း စိတ်ကူးရသလို မွမ်းမံကြ၏။ ပန်းအိုးမျိုးစုံခြံရံ၍ ပန်းဥယျာဉ် ဖန်တီးခြင်း၊ မြေပြင်ကို ဖွဲပြာခင်းပြီး ဖွဲပြာပေါ်တွင် ရောင်စုံ ဆန်ပန်းများ၊ ပဲပြုတ်စေ့များဖြင့် ပန်းခက်များ၊ စာလုံးများ၊ အရုပ်များ ပေါ်ခြင်း စသည်တို့ဖြစ်၏။

အထက်မြန်မာပြည်တွင် နန်းဆောင်ချိုး ပေါ်ပေါက်လာချိန်၌ အောက်မြန်မာပြည်တွင် "ဘာသာဆောင်ချိုး" မဏ္ဍပ်များ၊ "ဘင်္ဂါလီဆောင်ချိုး" မဏ္ဍပ်များ ပေါ်ပေါက်လာခဲ့သည်။

နန်းဆောင်ချိုးမဏ္ဍပ်များမှာ ဝေဆာဝင့်ကြွားသလောက် ဘင်္ဂါလီဆောင်ချိုး၊ ဘာသာ ဆောင် ချိုး များမှာ အညွန့် အတက်မရှိ၊ တုံးတိတိနှင့် ကြည့်ရသည်မှာ အချိုးအစားမကျ ဖြစ်နေခဲ့၏။ သို့ဖြစ်ငြားလည်း ခေတ်မီလိုသူများနှင့် ခေတ်ဆန်လိုသူများ နှစ်သက်ကြပေသည်။

ဒုတိယ ကမ္ဘာစစ်ပြီး ခေတ်တွင် အစဉ်အလာဖြစ်သော ကနုတ်ပန်း၊ ခြူးနွယ်၊ ခြူးပန်းများ အသုံးနည်းလာခဲ့၏။ ပန်းပုံစံအသစ်များ၊ အရွက်များ၊ အပတ်များကို သားရိုးပန်း၊